ကြမ်းပိုးများ

ကျနိုပ်၏ အိမ်(ဝါ)တိုက်ခန်းတွင်ကြမ်းပိုးများရှိပါက၊ ဘယ်လိုသိနိုင်မလဲ?

- ဤပုံတွင် မြင်ရသည့်အတိုင်းသင့်အိမ်တွင် ၎င်းပိုးကောင်ကိုတွေ့ ရမည်၊
- ထူးခြား၍မနှစ်မြို့ ဘွယ်ရာအနှံ့ ကိုရရှိမည်ဖြစ်သည်၊
- သင့်အိမ်မှာနေထိုင်သောသူတဦးဦး ပိုးမွှားအကိုက်ခံရမည်၊

ကျနိုပ်၏အိမ်တွင်ကြမ်းပိုးရှိသည်ဟုထင်ပါက ကျနိုပ်ဘာလုပ်ရမည်နည်း?

သင်၏ ငှားအိမ် (ဝါ) ငှားအိမ်ခန်း များတွင်တွေ့ ရှိပါက အိမ်ငှားပိုင်ရှင် နှင့် ငှားအိမ်ခန်း မန်နေဂျာ ကို ပြောပြပါ၊ သူတို့ သည် သင်၏ အိမ်ခန်းအတွက် သင့်တော် သော ကြမ်းပိုးအမြစ်ဖြုတ်ရန်ဆောင်ရွက်မှုများပြုလုပ်ပေးရမည်၊ လျှင်မြန်စွာ အောက်ပါ နည်းလမ်းသုံးမျိုးဖြင့်ဆောင်ရွက်ပါ၊ ထိုမှသာ သင်သည် ၎င်း ကြမ်းပိုး များကိုအမြစ်ဖြတ်နိုင်၍ အိမ်နီးနားခြင်းများသို့ ကူးစက်မှုမရှိရန် ကာကွယ်ခြင်းတခုဖြစ်သည်။

၁၊ ကြမ်းပိုးရှိနိုင်၊ ပိုးအောင်းနိုင်သောနေရာများကိုလိုက်ရှာပါ၊ ကြမ်းပိုးများကိုတွေ့ ရှိနိုင်သောနေရာများမှာ၊

- အိမ်ထောင်ပရိဘောဂများ၏အောက်၊ အကြား နှင့် အနောက်တွင်တွေ့ မြင်နိုင်ပါသည် (မွေ့ ရာများ၊ ဆိုဖါများ၊ အဝတ်အစားများကိုထည့်သောအံဆွဲများအထဲတွင်)
- မီးအိမ်များ ရေဒီယိုများနှင့် ဖုန်းများအောက်တွင်တွေ့ နိုင်ပါသည်၊
- နံရံများနှင့် နံရံများတွင်ချိတ်ဆွဲထားသော ဓါတ်ပုံများမှန်များနှင့် ကလားကာအနီးအနားတွင်တွေ့ နိုင်သည်၊
- အဝတ်အစားများအပေါ် တွင် ၎င်းအထုပ်အပိုးနှင့်အဝတ်အစားထည့်ထားသောအခန်းဝယ်ထဲတွင်တွေ့ ရှိနိုင်ပါသည်၊

၂၊ ကြမ်းပိုးများခိုအောင်းသောနေရာများတွင်ပိုးမွှားသုတ်သင်သော သူများနှင့်အတူတကွနေရာအားလုံးကိုသေခြာစွာဆေးစေပါ၊

- အိမ်ထောင်ပရိဘောဂများကို တစစီပြုတ်ပြီး ကူညီဆေးကြောပါ၊ သို့ မှသာ သင်၏တိုက်ခန်းကိုပိုးမွှားသုတ်သင်သောသူများသည်ပြီးပြည့်စုံစွာဆေးဖြန်း နိုင်မည်ဖြစ်သည်၊
- အကယ်၍ထပ်မံ၍ပိုးမွှားသတ်ဆေးများကိုဝယ်ယူလိုပါက အမြဲတန်းအညွှန်းစာကိုဖတ်ရှုပြီး ညွှန်ကြားချက်အတိုင်းလိုက်နာလုပ်ဆောင်ပြီး ညွှန်ကြားချက် အတိုင်းလိုက်နာလုပ်ဆောင်ပါ၊ အထူးသဖြင့်အန္ဒရာယ်ရှိသောအနာအားလုံး နှင့် သင့်ကလေး တို့ ထိမှုမရှိအောင်သတိထားပါ၊
- သင်၏အိမ်ထောင်ပရိဘောဂအတွက်၊ အိမ်ထောင်ပရိဘောဂအတွက်အညွှန်းပေးထားသောဆေးဝါးများကိုသာအသုံးပြုပါ၊
- များသောအားဖြင့်ဆေးဖြင့်ဖြန်းပြီး တရက် နှစ်ရက်အတွင်းထပ်မံပက်ဖြန်းရမည်ဖြစ်သည်၊

၃၊ သင့်အိမ်အတွင်းမှပစ္စည်းများကိုသေခြာစွာသန့် စင်စေကာပိုးမွှားအလွန်များပြားသောပရိဘောဂများအထူးသဖြင့်မွေ့ ရာများနှင့်ဆိုဖါများကိုလွှင့်ပစ်ပါ၊

- သင့်ပစ္စည်းများကိုသေခြာစွာဆေးကြောသန့် စင်ရမည်၊ ဥပမာ၊ ပရိဘောဂများအိမ်တွင်းသုံးပစ္စည်းများစားစရာများနှင့်အဝတ်အစားများ၊
- တိုက်ခန်း မန်နေဂျာနှင့်သင့်၏ပိုမွှားများပြားလွန်းသောအိမ်ထောင်ပရိဘောဂများကိုမည်သို့ စွန့် ပစ်ရမည်ကိုစကားပြောပါ၊
- အသုံးပြုပြီးသောအိမ်ထောင်ပရိဘောဂ များနှင့်မည်သည့်နေရာမှလာမှန်းမသိသောမွေ့ ရာများကိုအထူးသတိပြုဆင်ခြင်ပါ၊

ကြမ်းပိုးများသည် ကျနိုပ်အားဖျားနာအောင်လုပ်နိုင်ပါသလား?

ကြမ်းပိုးများသည်ရောဂါသယ်ဆောင်ခြင်းမပြုလုပ်ပါ၊ သို့ သော် သူတို့ ကိုက်သောအခါယားယံစေပြီးသူတို့ ကိုက်သော နေရာတွင်အရေပြားတွင်အင်ပြင်ဖြစ်စေ နိုင်ပါသည်၊ (ယားယံခြင်း၊ ရောင်ရမ်းခြင်းနှင့်ပူစပ်ပူလောင်ဖြစ်မည်) အကယ်၍ ကြမ်းပိုးကိုလက်နှင့်ဖိမိပါက ရောဂါမဖြစ်ပွါးအောင်သေခြာစွာဆေးကြောပါ၊

သိလိုသောအကြောင်းများရှိပါက Orange County ကျမ္မာရေးဌာနကိုခေါ်ပါ၊

အင်္ဂလိပ် 245-2360

Information from a document prepared by Michael Waldvogel and Charles Apperson, Entomology Extension Specialists, North Carolina